**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စကားရပ်များ ပြောင်းလဲသတ်မှတ်သည့်ဥပဒေ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅၉/၂၀၂၁**

**၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်**

**(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို **စကားရပ်များ ပြောင်းလဲသတ်မှတ်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်နေ့မှစတင်၍ အာဏာတည်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသော "ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဆိုသည့်စကားရပ်ကို "ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ပြောင်းလဲသတ်မှတ်ရမည်။

၃။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်သော "ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ပြည်ထဲရေးဝန်ကြီးဌာန" ဟု ပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

Myanmar Law Information System (MLIS)